# ကရင်နီအမျိုးသား တိုးတက်ရေးပါတီ နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်း ကော်မတီတို့ တတိယအကြိမ် ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲမှ သဘောတူညီချက် ၇ ချက်

၂၃ ရက်၊ အောက်တိုဘာလ၊ ၂၀၁၃ ခုနှစ်။

၁။ (က) ဒုတိယအကြိမ် ပြည်ထောင်စုအဆင့် သဘောတူညီချက်ပါ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee) အား ပုဂ္ဂိုလ်(၁၀)ဦးဖြင့် ဖွဲ့စည်းမှုကို နှစ်ဖက်သဘောတူ အတည်ပြုသည်။

(ခ) နိုင်ငံလုံးဆိုင်ရာ အပစ်ခတ်ရပ်စဲရေး (Nationwide Ceasefire Accord) ဆက်လက်ဆောင်ရွက်နိုင်ရန် နှင့် အားလုံးပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲကြီးသို့ရောက်ရှိရေး ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။

(ဂ) ပြည်သူလူထု တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ တိုင်ကြားလာသည့် တိုင်ကြားစာများအားလုံးကို လက်ခံအရေးယူ ဆောင်ရွက်ပေးရန် သဘောတူသည်။

၂။ မယ်စဲ့မှ ဘီပီ (၁၃) နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း လုံခြုံရေးအား ကရင်နီအမျိုးသားတိုးတတ်ရေးပါတီ (KNPP) မှ ကူညီဆောင်ရွက်ပေးရန် သဘောတူသည်။

၃။ Internally Displaced Person (IDP) များအတွက် Pilot Project ကိုပူးပေါင်းလုပ်ဆောင်ရန် သဘောတူသည်။ (နေရပ်ပြန်လာနေထိုင်လိုသူများ၏ သဘောထားဆန္ဒနှင့်အညီ ဂုဏ်သိက္ခာရှိစွာဖြင့် ပြန်လာနိုင်ရေးနှင့် ယင်းတို့၏လုံခြုံရေးကို တာဝန်ယူဆောင်ရွက်ပေးနိုင်မှုအပေါ် အခြေခံပြီး ရှားတောမြို့နယ်တွင် စတင်ဆောင်ရွက်ရန် သဘောတူသည်။)

၄။ မြေမြှုပ်မိုင်း ရှင်းလင်းရေး အတွက်  Myanmar Mine Action Center ကအပြည်ပြည်ဆိုင်ရာ စံနှုန်းများအရ ရေးသားထားသည်နှင့်အညီ နှစ်ဖက်တာဝန်ရှိသူများမှ ပူတွဲဆောင်ရွက်သွားရန် သဘောတူသည်။

၅။ ကရင်နီအမျိုးသားတိုးတတ်ရေးပါတီ (KNPP) တပ်ဖွဲ့ဝင်များ၏ မိသားစုများအတွက် စားဝတ်နေရေး ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရက အတတ်နိုင်ဆုံး ညှိနှိုင်းကူညီဆောင်ရွက် ပေးရန်သဘောတူသည်။

၆။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအား ငွေလုံးငွေရင်းဖြင့် စတင်ဆောင်ရွက်လျှက်ရှိရာ ကယားပြည်နယ်အတွင်းတွင်လည်း သက်မှတ်လျာထားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် သဘောတူသည်။

၇။ အမှတ်(၁၄) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းအနီး ဖရူဆိုမြို့နယ်အတွင်းရှိ ဒေါလောခူ ကျေးရွာ နှင့်လောခူးခူ ကျေးရွာ (၂) ရွာ မီးရရှိရေးအား ကယားပြည်နယ် အစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်္ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနတို့ မှ ပေါင်းစပ်ညှိနှိုင်း၍ အထူးအစီစဉ်ဖြင့် ဆောင်ရွက်ပေးရန် သဘောတူသည်။